ဘူတာ(ကံပြင်)ကျေးရွာ

ဇီးပင်ကြီး ကျေးရွာအုပ်စု

ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄ - ၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘူတာ(ကံပြင်)ကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဘူတာ(ကံပြင်) ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပြင်ဦးလွင်မြို့နယ်	၅
	ဘူတာ(ကံပြင်) ကျေးရွာ ကျေးရွာရာသီခွင်ပြ ပြကွဒိန်၊ ပြင်ဦးလွင်မြို့နယ်	၆
	ဘူတာ(ကံပြင်) ကျေးရွာ ကျေးရွာအဖွဲ့အစည်းချိတ်ဆက်ပြပုံ၊ ပြင်ဦးလွင်မြို့နယ်	၇
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၈
၂။	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၈
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၈
၄။	**စိုက်ပျိုးရေးနှင့် အသက်မွေးမှု အခြေအနေ**	၈
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာမီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မရေးရာ ကိစ္စရပ်များ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက် လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၃
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	၁၄
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၈
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၇၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄/၂၅ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးပါသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေး ရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်များ ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်

လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ဖွံ့ဖြိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက် မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


၂၀၂၄ ခုနှစ်၊ ဩဂုတ် **လ**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


ဘူတာ(ကံပြင်)ကျေးရွာ

ပြင်ဦးလွင်မြို့နယ်


၁. ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးအုပ်စု၊ဘူတာ(ကံပြင်) ကျေးရွာ၏ သယံဇာတပြမြေပုံ



၁. ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးအုပ်စု၊ ဘူတာ(ကံပြင်) ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၁. ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးအုပ်စု၊ဘူတာ(ကံပြင်)ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ဘူတာကံပြင်ကျေးရွာသည် ဇီးပင်ကြီးကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်တွင် ပါဝင်ပါသည်။ ပြင်ဦးလွင်မြို့နယ်၏ မြောက်ဘက်တွင် (၂၁)မိုင်၊ (၆)ဖာလုံခန့် အကွာအဝေးတွင် တည်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် ရွာမကျေးရွာ၊ တောင်ဘက်တွင် ပေပင်ကျေးရွာနှင့် အရှေ့ဘက်တွင် သုံးတောင်ကျေးရွာ တို့တည်ရှိပါသည်။ သမပိုင်းဇုံတွင် ပါဝင်ပြီး တောင်ပေါ်ဒေသ တွင် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြေဆီဩဇာကောင်းမွန်သော တောင်ယာမြေများ ပေါကြွယ်ဝပါသည်။ စိမ့်စမ်းရေ နှင့် တွင်းရေတို့ မှ စိုက်ပျိုးရေ ရရှိစိုက်ပျိုးနိုင်ပါသည်။ ပန်း၊ ခရမ်းချဉ် ၊ ပြောင်းဖူး၊ပဲအမျိုးမျိုး နှင့် ခါကျက်စသည့် သီးနှံများ ကောင်းစွာ ဖြစ်ထွန်းအောင်မြင်ပါသည်။ ဩဇာ ၊ သရက်၊ မန်ကျည်း စသော သစ်ပင်များ ပေါများ၍ လောင်စာထင်း အဖြစ်အသုံးပြုနိုင်ပါသည်။ ထိကရုံး၊ ရှားစောင်းလက်ပတ်၊ ဇီယာ ၊ ဆင်တုံးမန္တယ်၊ ဂုံခါး စသော ဆေးဖက်ဝင်အပင်များ လည်းတွေ့ရပါသည်။ မြက်၊ မြေဇာ ၊ ကောက်ရိုးစသော နွားစာ ပေါများ ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့၊ အမျိုးအသမီးရေးရာအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့နှင့် ပရဟိတအဖွဲ့စသော အဖွဲ့အစည်းများရှိပါသည်။ ဘာသာရေး၊ ကျေးရွာ၏ သာရေးနာရေး၊ နှင့် ငွေရေးကြေးရေးကိစ္စများကို လုပ်ဆောင် ကြပါသည်။ အမျိုးသား၊ အမျိုးသမီးများ ပါဝင်ကြသည်ကို တွေ့ရပါသည်။ အဖွဲ့အစည်း ဆိုင်ရာစွမ်းဆောင်ရည်မှာ အဖွဲ့အစည်းများ အားလုံး စွမ်းဆောင်ရည် အသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ပူးပေါင်းလုပ်ဆောင်ကြပါသည်။ ပိုမိုပူးပေါင်း ပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ ၊ မှတ်တမ်း မှတ်ရာ စနစ်တကျ ထားသိုနိုင်ရန် ပံ့ပိုးပေးရန် လိုပါမည်။

၄။ စိုက်ပျိုးရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ တောင်သူ (၁၅၀) ဦးရှိပါသည်။ ယာမြေ/တောင်ယာမြေ (၆၀) ဧက ရှိပါသည်။ မြေဆီဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စိမ့်စမ်းရေမှ စိုက်ပျိုးရေ ရရှိနိုင်ပါသည်။ ရာသီအလိုက် ရရှိပြီး၊ လုံလောက်မှု ရှိပါသည်။။ ပန်းနှင့် ထောပတ်ပဲကို အဓိကထားစိုက်ပျိုးကြပါသည်။ ပန်းစိုက်ခင်း တစ်ဧကလျှင် စည်းရေ ၁၀၀၀၀ မှ ၂၀၀၀၀ အထိအထွက်နှုန်း ရရှိပြီး ထောပတ်ပဲစိုက်ခင်း တစ်ဧကလျှင် ၁၂၅ ပြည်မှ ၁၅၀ ပြည် အထိအထွက်နှုန်း ရရှိပါသည်။ထောပတ်ပဲအား ဧပြီလတွင်စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ထွက်ရှိပါသည်။ ပိုးစိမ်းကိုက်၊ မှို၊ ရွက်ဖျားခြောက် စသော ပိုးမွှားရောဂါများ ဖြစ်ကြပါသည်။ အခြား သီးနှံများမှာ အထွက်နှုန်းအသင့်အတင့်ထွက်ရှိပါသည်။ ပန်းသည်

ဈေးနှုန်း အတက်အကျ သင့်၍ အမြတ်ရရှိမှုလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် ရေစုပ်စက် ၇ စီး နှင့် မြက်ရိတ်စက် ၁ စီးသာ ရှိပါသည်။ အိမ်ထောင်စု များသည် ထွန်စက်ကို အဓိကအသုံးပြုကြပါသည်။ လယ်ယာသုံး စက်ကိရိယာ လုံလောက်မှု မရှိပါ။ သီးနှံမျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေးများကို အောင်ချမ်းသာကျေးရွာ၊ ပြင်ဦးလွင်မြို့၊ မန္တလေးမြို့နှင့် ကျေးရွာတွင်းရှိဆိုင်များမှ ဝယ်ယူလက်လှမ်းမီပါသည်။ တောင်ယာ လုပ်သားများ အလွယ်တကူ မရရှိနိုင်ပါ။ လယ်ယာ ထုတ်ကုန်များကို မြို့မဈေး(ပြင်ဦးလွင်)နှင့် မန္တလေးဈေး တို့တွင်ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေးချေးငွေသည် လုံလောက်မှု နည်းပါးပြီး၊ ပိုးမွှား ရောဂါကာကွယ်ရေး အတွက် စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမီ မှုမရှိပါ။ ပွဲစားများ ၏ ဈေးနှုန်းကိုသာ မှီခိုရ၍ မှန်ကန်သော သီးနှံဈေးကွက် လိုအပ်ပါ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွား၊ ခိုင်းနွား၊ ဘဲ၊ ဆိတ်နှင့် ကြက် ကိုသာ မွေးမြူကြောင်းတွေ့ရပါသည်။ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မှု အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်းများလုပ်ဆောင်ရန် အခွင့်အလမ်း နည်းပါးသော်လည်း မွေးမြူရေးအစာ၊ ရေ အသင့်အတင့်ရရှိနိုင်ပါသည်။ မွေးမြူရေး ချေးငွေ သီးသန့်မရှိပါ။ မြို့နယ်တွင် တိရွေးကုဋ္ဌီးစီးဌာန ရှိပါသည်။ ရောဂါဖြစ်ပွားမှသာလျှင် လာရောက် ဆေးထိုးကြပါသည်။ သို့သော် နည်းပညာ ပိုင်းဆိုင်ရာချိတ်ဆက်မှု မလုပ်ဆောင် ဖူးသေးပါ။ မိသားစု အပိုဝင်ငွေရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် မွေးမြူရေး လုပ်ငန်းကို တိုးချဲ့မွေးမြူ သင့်ပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးအတွက် အခြေခံမွေးမြူရေးပညာများလိုအပ်ပြီး၊ ကျေးရွာတွင် မွေးမြူရေး လုပ်သားများရှိပါက ကျေးရွာအတွင်း ကုသကာကွယ်ရေး လက်လှမ်းမီလာနိုင် ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်မွေးမဟုတ် သော အခြားစီးပွားရေးလုပ်ငန်းများအဖြစ် များများစားစားမတွေ့ရပါ။ အရောင်းအဝယ်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း နှင့် ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်ကြသည်။ ကျေးရွာအခြေပြု ထုတ်ကုန်လုပ်ငန်းများကိုမူ မတွေ့ရပါ။ အခွင့်အလမ်းအနေဖြင့် ကျေးရွာသည် မန္တလေး-လားရှိုးလမ်းမကြီး ဘေးတွင်တည်ရှိသောကြောင့် မန္တလေးမြို့နှင့် နေ့ချင်းပြန် သွားသော လိုင်းကားများကို ကျေးရွာထိပ်တွင် သွားရောက်စီး၍လွယ်ကူခြင်းကြောင့် ရောင်းဝယ် ဖောက်ကားမှု ကောင်းပါသည်။ လုပ်သားအင်အား အလွယ်တကူမရ ရှိသည်ကိုတွေ့ရပါသည်။ မန္တလေး၊ ပြင်ဦးလွင် စသောမြို့ကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရရှိနိုင်ပါသည်။ လုပ်ငန်း လည်ပတ်ရန် အရင်းအနှီးငွေကြေး၊ လုပ်ငန်းနှင့် ပက်သက်သော နည်းပညာများသည် အခက်အခဲများ ဖြစ်ပါသည်။ ထို့အပြင် လျှပ်စစ်မီးကို ရွာလုံးကျွတ်ရရှိပါသည်။ ထို့ကြောင့် ကျေးရွာအခြေပြု အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ချေးငွေ အစီအစဉ်များ၊ ဈေးကွက်၊ နည်းပညာ ချိတ်ဆက်မှုများ နှင့်အတူ အခြေခံ အဆောက်အဦ ကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ်ပါမည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် လိုအပ်သောချေးငွေကို သမဝါယမဦးစီးဌာနမှ အိမ်ထောင်တစ်ဦးလျှင် (၃၀၀၀၀၀/) ကျပ် နှုန်းဖြင့် အတိုးနှုန်း(၂)ကျပ်တိုးနှင့် **Aliance** ချေးငွေတို့ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်သည်။ ရွာချင်း ဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်သည်။ ချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်သည်။ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာကျီ၊ ကားများကို အသုံးပြု သွားလာကြပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား မရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်ဓာတ်အား သွယ်တန်းပြီး ဖြစ်ပါသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသော အိမ်ထောင်စု (၂၆၀) ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်ခြေ(၃၃)ခန့် ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

တယ်လီဖုန်းဆက်သွယ်မှုများလည်း ကောင်းမွန်ပါသည်။ ကျေးရွာတွင် ဖုန်းအသုံးပြုမှု လည်းများပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်း၊ အထက်တန်းကျောင်းနှင့် ဘ.ကကျောင်းရှိပါသည်။ မူလတန်းအရွယ် ကလေးငယ်များအားလုံး မူလတန်းပညာကို လက်လှမ်းမီကြပါသည်။ ကျေးရွာ အတွင်း သာရှိပြီး၊ ဆိုင်ကယ်၊ စက်ဘီးခြေလျင်ဖြင့် တက်ရောက်ကြပါသည်။ ကျောင်းဆရာ/ဆရာမ ၅၃ ဦးခန့်ရှိပါသည်။ ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် ၅၁၂ စတုရန်းပေရှိ ကျောင်းဆောင် ၃ ဆောင်ရှိပြီး သွပ်မိုး၊ နံကပ်၊ တမံတလင်းခင်းထားပြီး ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂများလုံလောက်မှု မရှိပါ။။။ ကျောင်းအိမ်သာသည် ယင်လုံအိမ်သာဖြစ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ အာဟာရတိုက်ကျွေးမှု အစီအစဉ်အများ တိုက်ကျွေးမှု ရှိသည်ကို တွေ့ရှိရပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်း နည်းပါသည်။ အထက်တန်းစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် ၅၁၂ စတုရန်းပေရှိ ကျောင်းဆောင် ၆ ဆောင်ရှိပြီး သွပ်မိုး၊ နံကပ်၊ တမံတလင်းခင်းထားပြီး ကောင်းမွန်ပါသည်။

ကျောင်းသုံးပရိဘောဂများလုံလောက်မှု မရှိပါ။။ ကျောင်းအိမ်သာသည် ယင်လုံအိမ်သာဖြစ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်များမရှိပါ။ ကျောင်းအားကစားကွင်း သီးသန့်မရှိပါ။ သို့သော် ကျောင်းဝန်း ကျယ်ဝန်း၍ ကလေးသူငယ်များ လွတ်လပ်စွာ ကစားနိုင်ပါသည်။ မိဘဆရာ အသင်းကဦးဆောင်၍ ကျောင်းသားစုံညီပွဲတော်၊ ပညာ ရည်ချွန် ဆုပေးပွဲများ ကျင်းပပေးပါ သည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်လာရောက်ထိုးပေး ပါသည်။ အခြေခံကျန်းမာရေးပညာပေးအစီအစဉ်များလည်း ရှိပါသည်။ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း သည် ကျေးရွာတွင်ရှိပြီး၊ မွေးလူနာများရှိပါက လာရောက်မွေးဖွား ပေးပါသည်။ အရေးပေါ်လူနာများအတွက် ပြင်ဦးလွင်ပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ သွားရောက် ကြပါသည်။ ကျေးရွာ နှင့် ၁ မိုင်ခန့်ဝေးသော ကုတင်(၅၀) ဆေးရုံရှိ၍ ကျန်းမာရေး စောင့်ရှောက်မှု၊ ဝန်ဆောင်မှုများကို လက်လှမ်းမီပါသည်။

ကျေးရွာတွင် အဝီစိတွင်းစက်တပ် (**၇၀**) တွင်း၊ ၊ချောင်းရေ နှင့် **တွင်း**ရေသုံးသော အိမ်ထောင်စု (**၂၀၀**) စုခန့်ရှိပါသည်။ သောက်သုံးရန် အသင့်အတင့် ကောင်းမွန်ပြီး၊ နွေမိုးဆောင်း လုံလောက်မှု ရှိပါသည်။ သောက်သုံးရေ ပြဿနာမရှိပါ။ ယင်လုံအိမ်သာကို အိမ်ထောင်စု**အားလုံး** အသုံးပြုကြပြီး သန့်ရှင်းမှု အသင့်အတင့်ရှိပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများ **အသင့်အတင့်ရှိ**ပါသည်။ ကျန်းမာရေးဆိုင်ရာ အတွက် ဖုံးသွန်လှဲစစ် များကို ပုံမှန်လာရောက် စစ်ဆေးခြင်းရှိပါ**သည်**။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဒေသခံတောင်သူများသည် မိရိုးဖလာဓလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ကြပြီး၊ ပြောင်းလဲ စိုက်ပျိုး လိုကြသော်လည်း နည်းပညာလက်လှမ်းမှု အားနည်းခြင်း၊ ကုန်ကျစရိတ်များ ပြားခြင်း၊ လုပ်သား အင်အား အသင့်အတင့်သာရှိခြင်း၊ စိုက်ပျိုးစရိတ်အတွက် ချေးငွေများယူရခြင်း၊ စသည့်အကြောင်းများကြောင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားတစ်ခုဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေ မပြည့်စုံပါ။ မွေးမြူရေး သီးသန့်ချေးငွေ မရှိပါ။ ကျေးရွာ အခြေပြု အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှု နည်းပါသည်။

၉။ ကျား- မရော ကိစ္စရပ်ဆိုင်ရာ

ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာကွာခြားမှုမရှိပါ။ လူဦးရေ ဆိုင်ရာ အချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးအချိုးသည် အမျိုးသားများ ထက်ပိုမိုများပြားသည်ကို တွေ့ရပါသည်။ပညာရေးဆိုင်ရာကဏ္ဍတွင် အမျိုးသမီးများနှင့် အမျိုးသား များသည် ပညာလေ့လာသင်ယူရန်

အခွင့်အရေးအသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ထို့အတူ ကျေးရွာစီမံ ခန့်ခွဲမှု ကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင်မှု လုံးဝမတွေ့ရပေ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ ဦးဆောင် ပါဝင်ခွင့် ရကြပါသည်။

၁၀. ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - ဇီးပင်ကြီးကျေးရွာအုပ်စု			ကျေးရွာအမည် - ဘူတာ(ကံပြင်)ကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	လမ်းတံတား	ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
၂	အခြေခံအဆောက်အဦ	လမ်းတံတား	အုတ်စီရေမြောင်းပြုလုပ်ခြင်း	
၃	အခြေခံအဆောက်အဦ	လမ်းတံတား	ကျန်ရှိရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
၄	အခြေခံအဆောက်အဦ	လမ်းတံတား	ကျေးရွာတွင်းဘုံပိုင်စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း	
၅	အခြေခံအဆောက်အဦ	လမ်းတံတား	လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်း(ဆပ်ပြာဆီ၊ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်း)	

နောက်ဆက်တွဲ (၁)

ဘူတာ(ကံပြင်)ကျေးရွာ၊ ဇီးပင်ကြီး ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်အောင်	ဦးသိန်းအောင်	၉/မမန(နိုင်)၀၅၁၃၃၄	၆၅	ဥက္ကဋ္ဌ	၀၉-၄၀၂၇၅၁၁၆၆
၂	ဦးထွန်းထွန်း၀င်း	ဦးမှတ်ကြီး	၉/ပဥလ(နိုင်)၀၂၀၀၂၉	၄၃	ဝယ်ယူရေးဆပ်ကော်မတီ(ဥက္ကဋ္ဌ)	၀၉-၄၀၂၅၀၈၉၃၈
၃	ဦးသာဌေး	ဦးကြီး	၉/မမန(နိုင်)၀၅၁၆၁၂	၆၄	အတွင်းရေးမှူး	၀၉-၄၀၀၂၂၅၅၃၈
၄	ဦးပြေညွန့်	ဦးထွန်းစိန်	၅/၀လန(နိုင်)၀၂၈၂၅၉	၅၆	ဘဏ္ဍာရေးမှူး	၀၉-၄၄၄၀၄၀၉၁၈
၅	ဦး၀င်းရွှေ	ဦးသောင်းတင်	၉/ပဥလ(နိုင်)၀၅၁၅၄၆	၅၉	စာရင်းကိုင်	၀၉-၂၅၈၄၀၆၀၆၅
၆	ဦးတင်မျိုးနိုင်	ဦးတင်မော်	၉/ပဥလ(နိုင်)၀၀၀၂၁၆	၅၁	အဖွဲ့၀င်	၀၉-၄၄၄၃၀၃၉၈၉
၇	ဦးသိန်းဆွေ	ဦးတင်အောင်	၉/မမန(နိုင်)၀၅၁၄၄၇၂	၆၃	အဖွဲ့၀င်	၀၉-၄၀၇၁၂၅၂၂၈
၈	ဦးဖြိုးဝေလင်း	ဦး၀င်းနိုင်	၁၄/ကလန(နိုင်)၁၀၆၂၇၆	၃၅	အဖွဲ့၀င်	၀၉-၄၅၁၆၆၂၈၁၉
၉	ဒေါ်အေးအေး	ဦးမောင်လေး	၉/မမန(နိုင်)၀၅၆၄၁၁	၇၁	အဖွဲ့၀င်	၀၉-၇၉၂၇၇၃၀၅၅
၁၀	ဒေါ်မြမြ၀င်း	ဦးပေသီး	၉/မမန(နိုင်)၀၅၁၈၈၂	၅၃	အဖွဲ့၀င်	၀၉-၆၉၉၁၁၆၉၇၂
၁၁	ဒေါ်သွယ်သွယ်ထွန်း	ဦးကံထူး	၉/မမန(နိုင်)၀၈၉၈၁၉	၄၅	အဖွဲ့၀င်	၀၉-၄၀၁၄၀၅၈၅၆

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၁၂	၂၂
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၀	၁၁	၂၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၀	၅၂	၁၀၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၈၀	၁၀၅	၁၈၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၅၉	၄၂၁	၇၈၀
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၄	၂၀	၃၄
စုစုပေါင်း		၅၂၃	၆၂၁	၁၁၄၄
စုစုပေါင်း အိမ်ထောင်စု		၂၉၃		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ် ပြည့် သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ် ဆိုသည်မှာအသက်(၁၀) နှစ်ပြည့် သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ် ၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့် သည်မှအသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ

အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက်အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဘူတာ(ကံပြင်)ကျေးရွာတွင် အိမ်ထောင်စု(၂၉၃)စု ၊ လူဦးရေ (၁၁၄၄)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၉%) ၊ ၅နှစ်အောက် ကလေးငယ် အရွယ် (၁.၈%) ၊ မူလတန်းကျောင်းသား အရွယ် (၈.၉%)၊ အလယ်တန်း ကျောင်းသားအရွယ် (၁၆.၁၇%) ၊ အလုပ်လုပ်နိုင်သည့်အရွယ်(၆၈.၁၈%) ၊သက်ကြီးရွယ်ကြီးအရွယ် (၂.၉၇%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ် မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂.၉၇%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ်ကျား (၃၅၉)ဦး၊ မ(၄၂၁)ဦး စုစုပေါင်း (၇၈၀)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၈.၁၈%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅၀	၄၅၀	၂၀	မြင့် ☐လတ်☑နိမ့်☐
	အလုပ်သမား /	၁၂၀	၃၅၀		မြင့်☐ လတ် ☑ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၃၀		မြင့်□လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□ လတ် □ နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□ လတ် □နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၅၀		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅		မြင့်☐လတ် ☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅		မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁၂		မြင့်☐လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၃		မြင့်☑လတ်☐နိမ့်☐
	အလုပ်သမား /				မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅		မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း			၁	မြင့်☐လတ်☐နိမ့်☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☑နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ် သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၅		မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း			၅	မြင့်☐လတ်☐နိမ့်☑
	စုစုပေါင်း			၂၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများလည်းရှိပါသည်။ ဆောက်လုပ်ရေး/ပန်းရံလုပ်ငန်း၊ လက်လီလက်ကား အရောင်းအဝယ် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာအခြေပြု ထုတ်ကုန်လုပ်ငန်းများကိုမူ မတွေ့ရပါ။ အခွင့်အလမ်း အနေဖြင့် လုပ်သားအင်အား အသင့်တင့်ရှိသည်ကိုတွေ့ရပါသည်။ မန္တလေး၊ ပြင်ဦးလွင်စသော မြို့ကြီးများ တွင်

အလုပ်အကိုင်အခွင့်အလမ်း အသင့်အတင့်ရရှိနိုင်ပါသည်။ လုပ်ငန်းလည်ပတ်ရန် အရင်း အနှီးငွေကြေး၊ လုပ်ငန်းနှင့်ပက်သက်သော နည်းပညာများသည် အခက်အခဲများ ဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာ အခြေပြု အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ချေးငွေအစီအစဉ်များ၊ ဈေးကွက်၊ နည်းပညာ ချိတ်ဆက်မှုများနှင့်အတူ အခြေခံအဆောက်အဦကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ်ပါမည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၂၀၀၀	၇၀၀၀	၁၀၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး ဖမ်းခြင်း၊မွေးမြူ ခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာလုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီး ကျား၊မ ဝင်ငွေကွာခြားရခြင်းမှာလည်း အားစိုက်ထုတ်မှုအပေါ် မူတည်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
လယ်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)**
ယာမြေ / တောင်ယာမြေ	၆၀	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၆၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော် က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ဘူတာ(ကံပြင်) ကျေးရွာတွင်စိုက်ပျိုးနိုင်သည့် ယာမြေ/တောင်ယာမြေ(၆၀)ဧက သာရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဧယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐ သင့်☐နည်း☐ မရှိ☑	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☐ သင့်☐နည်း☑ မရှိ☐	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐နည်း☑ မရှိ☐	လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐နည်း☐ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ၊ ကျောက်၊သဲ၊ ကျောက်စရစ်များ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ မရှိသောကြောင့် အသုံးမပြုနိုင်ပါ။ သဘာဝအပင်မျိုးစိတ် အနည်းငယ်ခန့်ရှိသော်လည်း အသုံးမပြုနိုင်ပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်☑	နည်း	အလွန်နည်း(သို့) မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ် ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅၀	၁၀၀	၈၀	၆၃

ရင်းမြစ်... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့်အိမ်အခြေအနေသည် အရေးပါသည် ကိုတွေ့ရသည်။ ကျေးရွာ၏ဥစ္စာဓနအဆင့်ကို (၄)ဆင့်သတ်မှတ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၅၀)အိမ် အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၀၀)အိမ်၊ မပြေလည်သော အိမ်ထောင်စု(၈၀) အိမ်ရှိပြီး အလွန်မပြေလည်သော အိမ်ထောင်(၆၃)စုရှိသည်ကိုတွေ့ရပါသည်။ အလွန်မပြေ လည်သော အိမ်ထောင်စုများမှာ မြေယာမဲ့၊ကျပမ်းများ၊ ဆင်းရဲသား တောင်သူများ နှင့် တောင်သူငယ်များဖြစ်သည်ကို တွေ့ကြရသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအတွက် လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းကြသည့် အိမ်ထောင်စု(၅)စုနှင့် ချေးယူသည့်အိမ်ထောင်စု(၅)စုရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရုပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ များမရှိ၍ ဖြေဆိုထားခြင်းမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်☐လတ်☐နိမ့်☑မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်☐လတ်☐နိမ့်☑ မရှိ☐
၃	ရေကြီးခြင်း	မြင့်☐လတ်☐ နိမ့်☐မရှိ☑
၄	မိုးခေါင်ခြင်း	မြင့်☐ လတ် ☐ နိမ့်☑ မရှိ☐
၅	အအေးလွန်ကဲခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၆	မုန်တိုင်း	မြင့်☐လတ် ☐ နိမ့် ☑ မရှိ☐
၇	ငလျင်	မြင့်☐ လတ်☐ နိမ့် ☑မရှိ☐
၈	မီးဘေး	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၂	၄က်ဖျားရောဂါ	မြင့်☐ လတ်☐နိမ့်☑ မရှိ☐
၁၃	တီဘီရောဂါ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်☐ လတ်☐ နိမ့်☑မရှိ☐
၁၇	လူကုန်ကူးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အမျိုးအစားများမှာ နိမ့်အနေအထားတွင်ရှိသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	**ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☐ လတ်☑နိမ့်☐ မရှိ☐
၁၁	လူနည်းစုလူမျိုးများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ဆေးစွဲသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐ လတ်☐ နိမ့်☑မရှိ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ ၊ မြေယာမဲ့၊ ဆင်းရဲသား တောင်သူ၊ လက်လုပ်လက်စားများနှင့် ကျပန်းများသည် ထိခိုက်လွယ်မှုလတ်တွင်ရှိပြီး မတော်တဆမှု ဖြစ်နိုင်ခြေများသော နေရာတွင်နေထိုင်သူများ၊လှည့်လည်သွာလာ၍ ဈေးရောင်းသူများ၊ နေရပ်ပြန်အခြေချသူများ၊ရွှေ့ပြောင်းလုပ်သားများ၊လူနည်းစုလူမျိုးများနှင့် ကားမောင်းပြီး အသက်မွေးသူများသည် ထိခိုက်လွယ်မှုနိမ့်ပြီး ကျန်ထိခိုက် သက်ရောက်မှု ခံရနိုင်သည့်သူများမှာ မရှိပါ။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဧယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	**အဖွဲ့အစည်းအမည်**	**အမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်)	**အဖွဲ့ဝင်ဦးရေ**			**လုပ်ငန်းတာဝန်**(အနည်းဆုံးတစ်ခု နှင့်အထက်ရွေးနိုင်သည်။)	**စွမ်းဆောင်နိုင်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	**မ**	**ပေါင်း**		
၁	အုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၇	၁	၈	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး ☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၂	ဂေါပက	၁ ☐ ၂ ☐ ၃ ☑	၅		၅	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး ☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၃	ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၃	-	၃	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး ☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	ပရဟိတ လူငယ်များ	၁ ☐ ၂ ☑ ၃ ☐	၅		၅	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး ☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၅	မီးလင်းရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	-	၅	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး ☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခု နှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	လမ်းကော်မတီ	၁ ☑ ၂ ☐ ၃ ☐	၇	၄	၁၁	ပညာရေး☐ငွေကြေး☐ကျန်းမာရေး ☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့၊ လူမှုရေးကို အခြေခံ သောအဖွဲ့(၄)ဖွဲ့နှင့်ဘာသာရေးကိုအခြေခံသောအဖွဲ့(၁)ဖွဲ့ ရှိပါသည်။ အဖွဲ့ဝင်များ၏အဖွဲ့အစည်း ဆိုင်ရာစွမ်းဆောင်ရည်မှာ ကောင်းမွန်မှု ရှိသည်ကိုတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ကျန်းမာရေး ☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး ☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ကျန်းမာရေး □ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၃၃	မြေမဲ့ယာမဲ့
၂	၂.၅ကအောက်		ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ၅ကကြား	၆၀	တောင်သူငယ်
၄	၅ကမှ၁၂.၅ကကြား		တောင်သူလတ်
၅	၁၂.၅ကအထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၉၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၂.၅ကေမှ ၅ကေကြား တောင်သူငယ်(၆၀) အိမ်ထောင်စု ရှိသည်ကို တွေ့ရသည်။ မြေယာမဲ့တောင်သူ(၂၃၃)ဦးရှိသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စုအားလုံး မိသားစုတပိုင်တနိုင်သာ စိုက်ပျိုးရေး ကိုလုပ်ကိုင်နိုင်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု(ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၃၀	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု(ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊**

(၂) **ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေများကို အဝီစိတွင်း စိမ့်စမ်းရေ၊မိုးရေဖြင့် သာစိုက်ပျိုးကြသည်ကို တွေ့ရှိရပါသည်။သီးနှံထွက်နှုန်းမှာ အသင့်အတင့်သာရှိပါသည်။ ကျန်စိုက်ပျိုး မြေများမှာ မိုးရေကိုသာအားကိုးစိုက်ပျိုးကြရသောကြောင့် သီးနှံအထွက် နည်းသည်ကိုတွေ့ရသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	**စုစု ပေါင်း စိုက်**	**တစ်ဧကအထွက်နှုန်း**	**သီးနှံ စိုက်ပျိုးသ ည့်ကာလ**	**သွင်းအားစုလို အပ်ချက် (မှန်ရာတစ်ခု**	**အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)**

	ကေ	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	ကိုသာရွေးရန်)	
ပန်း	၃၀	စည်း	၁၀၀၀	၁၅၀၀	၁၂၀၀	ဇန်	ဒီ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
ထောပတ်ပဲ	၃၀	ပြည်	၁၅၀	၂၀၀	၁၇၀	ဖေ	ဇူလိုင်	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ပန်း စိုက်ပျိုးခြင်းဖြစ်ပါသည်။ သီးနှံအထွက် နှုန်းမှာအသင့်အတင့်ဖြစ်ပြီးအမြတ်ရရှိမှုလည်း အသင့်အတင့်သာရရှိပါသည်။ သွင်းအားစုလိုအပ်ချက်မှာ လတ်ပြီ အမြတ်ရရှိမှုသည် လတ်သည်ကို တွေ့ရှိရသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	**တစ်ဦးချင်းပိုင်**	**ရွာပိုင်**	**အဖွဲ့ပိုင်**	**ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်**
ထွန်စက်	၂	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	၇	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း** - **လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက်(၁)သာရှိပြီးတစ်ဦးချင်း ပိုင်သာ ဖြစ်သည်။ တောင်သူများမှာ စိုက်ပျိုးလုပ်ကိုင်ရာတွင် အချိန်ကြန့်ကြာပြီး အချိန်နှင့်တပြေးညီစိုက်ပျိုး ထွန်ယက်နိုင်ခြင်းမရှိကြောင်း တွေ့ရသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ☑မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်☑မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်□ မဖြေဆိုပါ☑
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများမှာ သဘာဝ ရေမြေရာသီတု အနေအထားမှာ သင့်တင့်မျှတမှုရှိပြီး စိုက်ပျိုးရေးအရင်းအမြစ်များ အသင့်အတင့်ရှိပြီး လုပ်သား များလည်းရနိုင်သည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☑ရာသီဥတုမမှန်☐မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑ပလပ်မြေများရှိသည်☐ပလပ်မြေအသင့်အတင့်ရှိသည်☐မဖြေဆိုပါ
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင် ☐လုံးဝမရ☐မဖြေဆိုပါ ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐လုံးဝမရ☐မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐လုံးဝမရ☐မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐လုံးဝမရ☐မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☐လုံးဝမရ☐မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑လုံးဝမရ☐မဖြေဆိုပါ ☐

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑လုံးဝမရ☐မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☑အနည်းငယ်☐ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထားမှာ ရာသီဥတုမမှန်ပါ။ လယ်ယာမြေ တိုးချဲ့နိုင်မှုမရှိပါ။ ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု၊ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများမှာ အလွယ်တကူ လုံလောက်စွာမရနိုင်ပါ။ ဖျက်ပိုးနှင့်ရောဂါကျရောက်မှု အသင့်အတင့်ရှိပါသည်။ သီးနှံများကို လွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု**	**ကောင်ရေ**
မွေးမြူရေး		

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
နွား	၁၀	၂၀
နို့စားနွား		
ကျွဲ		
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	၁	၅၀
သိုး	-	-
ဝက်		
ကြက်		
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း** - **လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မွေးမြူရေးကို အနည်းငယ်လုပ်ကိုင်သည်ကိုသာတွေ့ရသည်။ မွေးမြူရေး၏ အဓိက အခက်အခဲမှာ နည်းပညာဝန်ဆောင်မှုအခက်အခဲ၊ မျိုးကောင်းမျိုးသန့် လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်း ရရှိမှု အခြေအနေနှင့်လွတ်လပ်စွာရောင်းချပိုင်ခွင့်မရှိသောကြောင့် မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်မှု နည်းကြောင်း တွေ့ရသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ဇယား ၂၀နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	ပေါများ□အသင့်အတင့်☑မဖြေဆိုပါ□
ရေရရှိမှု	အလုံအလောက်ရနိုင်□အသင့်အတင့်ရနိုင်☑မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်□မဖြေဆိုပါ☑
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်□မဖြေဆိုပါ☑
သွင်းအားစု(မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်□ မဖြေဆိုပါ☑
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။ □နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။□ မဖြေဆိုပါ☑
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ ထုတ်ကုန် များကိုရောင်းချနိုင်သည်□မဖြေဆိုပါ☑

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ဇယား ၂၀နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်ရှိသည်□အသင့်အတင့်ရှိသည်□မဖြေဆိုပါ☑
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ□
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်□ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ□
